# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 30 , 2023 Volume 67, Number 21


**၃၀.၆.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၈.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများကလည်း အထူးစီးပွားရေးဇုန်အလိုက် ဆောင်ရွက်ရန်ကိစ္စများ၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြခဲ့ကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## ဗီယက်နမ်သည် ပြည်ပတင်ပို့သူများအပေါ် အခွန်စီမံခန့်ခွဲမှုတင်းကြပ်

ဗီယက်နမ်အခွန်အာဏာပိုင်များအနေဖြင့် E commerce platforms များမှ ရောင်းချသည့် နိုင်ငံခြားသားများအပေါ် အခွန်စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရန်အတွက် စာရင်းဇယားများ ဆန်းစစ်မှုများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ပနိုင်ငံများတွင် အခြေပြုထားသည့် E commerce ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ အခွန်ကြေညာလွှာများနှင့် တာဝန်များကို အခွန်ဦးစီးဌာန၏ e-portal မှ http://etaxvn.gdt.gov.vn မှတစ်ဆင့် တင်သွင်းနိုင်ပြီဖြစ်သည်။ ပေါ်တယ်ကို ၂၀၂၂ ခုနှစ်မတ်လတွင် စတင်အသုံးပြုခဲ့ပြီး အဆိုပါတစ်ခုတည်းသော ပေါ်တယ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော် အခွန်ကောက်ခံမှုတွင် ဗီယက်နမ်သည် အာဆီယံအဖွဲ့ကို ဦးဆောင်နေပါသည်။

ဗီယက်နမ်တွင် ပြည်ပတင်ပို့သူများနှင့်ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်ကောင်းများ ဖန်တီးထားသကဲ့သို့ အခွန်တိမ်းရှောင်မှုများအတွက် အခွန်အာဏာပိုင်များက ပြင်းပြင်းထန်ထန်ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်သည်။

အခွန်ဦးစီးဌာန၏ အဆိုအရ ပြည်ပတင်ပို့သူများအနေဖြင့် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှ စတင်ကာ Electronic portal မှတစ်ဆင့် ပေးဆောင်ရမည်ဖြစ်ပြီး အခွန်ငွေ အမေရိကန်ဒေါ်လာ ၃၁၂.၈ သန်းကျော် ပေးဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ နှစ်စမှ ယခုအချိန်အထိ အမေရိကန်ဒေါ်လာ ၁၆၅ သန်းကျော် ကောက်ခံရရှိပြီးဖြစ်သည်။

**Source: Vietnam plus**

**(စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_300620231020

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယတွင် ခရမ်းချဉ်သီးဈေးနှုန်းမြင့်တက်

အိန္ဒိယနိုင်ငံတွင် နိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ပျိုးသီးနှံများပျက်စီးသွားရာ ခရမ်းချဉ်သီးဈေးနှုန်းမှာ အနည်းဆုံးသုံးဆမှလေးဆအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဒေလီမြို့နှင့် အနီးတစ်ဝိုက်ဒေသများတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ခရမ်းချဉ်သီးတစ်ကီလိုလျှင် ယခင်က ၃၀ ရူပီးသာရှိခဲ့ရာမှ ၁၂၀ ရူပီးအထိ မြင့်တက်လာကြောင်း၊ စီးပွားရေးမြို့တော်ဖြစ်သည့် မွမ်ဘိုင်းတွင် ယခင်က ခရမ်းချဉ်သီး တစ်ကီလိုလျှင် ၈၀ ရူပီးဖြင့် ရောင်းချခဲ့သည်။

သို့သော် နိုင်ငံအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မိုးများသည့်ဒေသများတွင် သယ်ယူပို့ဆောင်ရေးမှာ ထိခိုက်ခဲ့ရကြောင်း၊ သို့သော် ဈေးနှုန်းမြင့်တက်ခြင်းသည် ယာယီသာဖြစ်ကြောင်း စားသုံးသူများအရေးဆိုင်ရာ ဝန်ကြီး၏ပြောကြားချက်ကို ကိုးကား၍ PTI သတင်းဌာနကဖော်ပြသည်။

**Source:** https://www.myawady.net.mm/node/42422

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်မှ ၂၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၇၆၇၃၇၅.၈၈ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၁၉၉၂၈၃.၂၄ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

TIR

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ မြေထောက်ပဲ၊ ပြောင်း၊ ပဲတီစိမ်းနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၃၃၃၄၄.၅၅၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၄၃၄၀၃၁.၃၃၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ သံပိုက်၊ ကားတာယာနှင့် မြက်ခင်းတုများ တင်သွင်းမှု ရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၃၀၄၄၂.၆၂၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၆၈၈၄၀.၆၂၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၃ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၁.၅၄ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇဟိုဌာန**

## မုံရွာမြို့နယ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်း/ဈေးကွက်အခြေအနေ

ဇွန်လ ဒုတိယပတ်တွင် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက် အခြေအနေမှာ နှမ်းနက်၊ နှမ်းညိုနှင့် နှမ်းဖြူဈေးနှုန်းများ ကျဆင်းနေပြီး မြေပဲလုံးဆန်ဖြူ ၊ မြေပဲလုံးဆန်နီ ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ယခုပတ်တွင် နှမ်းညို တစ်တင်းလျှင် (၉၈၀၀၀-၉၅၀၀၀)ကျပ်၊ နှမ်းဖြူ (သ/ဟ) တစ်တင်းလျှင် (၁၁၅၀၀၀) ကျပ်၊ နှမ်းနက် (သ/ဟ) တစ်တင်းလျှင် (၁၀၀၀၀၀-၈၅၀၀၀)ကျပ်ရှိပြီး ယခင်ပတ် ကာလတူပေါက် ဈေးနှုန်းမှာ နှမ်းညို တစ်တင်းလျှင် (၁၀၀၀၀၀) ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၁၉၀၀၀)ကျပ်၊ နှမ်းနက် (သ/ဟ) တစ်တင်းလျှင် (၁၁၀၀၀၀-၁၀၀၀၀၀)ကျပ်ရှိပြီး ကာလတူနှိုင်းယှဉ်ပါက နှမ်းညို၊ နှမ်းနက်နှင့်နှမ်းဖြူဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရ သည်။

ယခုပတ်တွင် မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့်ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ (၈၆၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၅၀၀-၇၀၀၀)ကျပ်ရှိပြီး ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ (၇၈၀၀-၈၅၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၅၀၀-၆၈၀၀)ကျပ်ရှိ ကာလတူနှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ နှင့် မြေပဲလုံးဆန်ဖြူမှာ အနည်းငယ်မြင့်တက်သွားကြောင်းသိရသည်။ ယခုပတ် ဆီဈေးမှာ ပဲဆီတစ်ပိဿာ ၁၃၅၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်ထိ၊ နှမ်းဆီ တစ်ပိဿာ ၁၂၅၀၀ကျပ်မှ ၁၂၀၀၀ကျပ်ထိ ပေါက်ဈေးရှိပါသည်။

**Source: ဇေယျာကုန်သွယ်မှုဇဟိုဌာန**

## တရားမဝင်ကုန်သွယ်မှုကြောင့် ရော်ဘာလုပ်ငန်းကဏ္ဍတွင် ထိခိုက်နစ်နာမှုများရှိနေ

တရားမဝင်ကုန်သွယ်မှုကြောင့် ရော်ဘာလုပ်ငန်းကဏ္ဍတွင် ထိခိုက်နစ်နာမှုများကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းကပြောသည်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ထူးနှင့်အဖွဲ့ဝင်များသည် တန်ဖိုးမြင့်ရော်ဘာများ တိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန်အတွက် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အသင်းချုပ်တာဝန်ရှိသူများကို ဇွန်လ (၂၆) ရက်က အသင်းချုပ်ရုံး၌ တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်းဖြစ် သည်။

ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ရော်ဘာထုတ်လုပ်မှုလုပ်ငန်းကဏ္ဍသည် စိုက်ပျိုးရေးအခြေခံသည့် ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်း အမျိုးအစားဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း အများအပြားကို ဖန်တီးပေးနေသည့်အပြင် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သောကဏ္ဍလည်းဖြစ်ကြောင်းပြောသည်။

ထို့အပြင် အသင်းအနေဖြင့် ရော်ဘာပိုမိုတိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အကြံပြုချက်များ၊ နည်းလမ်းများကို သုံးသပ်တင်ပြစေလိုကြောင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို နိုင်ငံတော်အဆင့်ပြပွဲများပါ တွဲဖက်ပြုလုပ်၍ ရော်ဘာကဏ္ဍအရေးပါမှုကို ပြသစေလိုကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ရော်ဘာထုတ်လုပ်တင်ပို့သည့် လုပ်ငန်းရှင် အများစုကိုလည်း အသင်းသို့ ဝင်ရောက်စေခြင်းဖြင့် အသင်း၏ အင်အားခိုင်မာတောင့်တင်းရန်နှင့် လုပ်ငန်းကဏ္ဍပိုမို ကိုယ်စားပြုနိုင်ရန် အကြံပြုလိုကြောင်း ဥက္ကဋ္ဌဦးအေးဝင်းကပြောကြားခဲ့သည်။

မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ထူးက အသင်း၏ လုပ်ငန်းစဉ်များ၊ တန်ဖိုးမြင့်ရော်ဘာထုတ်လုပ်မှုသတ်မှတ်ချက်၊ တောင်သူအသိပညာပေးအစီအစဉ်များ၊ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် နိုင်ငံတကာအသင်းများချိတ်ဆက်မှု၊ နိုင်ငံတကာ တာယာစက်ရုံများ၏ လိုအပ်ချက်နှင့်အညီ တန်ဖိုးမြင့်ရော်ဘာထုတ်ကုန်သတ်မှတ်ချက်များ၊ တန်ဖိုးမြင့် Ribbed Smoked Sheet (RSS) ရော်ဘာ၏ သတ်မှတ်ချက်များ၊ လက်ရှိမြန်မာ့ရော်ဘာဈေးကွက်တွင် တွေ့ရှိရသော ကုန်ကြမ်းရော်ဘာများ၊ တန်ဖိုးမြင့်ရော်ဘာသတ်မှတ်ရန် အမျိုးအစားများ စသည်တို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ရော်ဘာတင်ပို့မှု မြင့်တက်လာခဲ့ရာ ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၁၉၀ တင်ပို့ရောင်းချပေးခဲ့ကြောင်းနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ရော်ဘာများကို တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ) နိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။

**Source: Popular News Journal**

## တရုတ်ဝယ်လက်များကြောင့် မျှော့ဈေးကောင်းလာ




ယခုအခါ ပြည်ပဝယ်လက်များ ဆင်းကာဝယ်ယူခြင်းကြောင့် အရောင်းအဝယ်ကောင်းလာကာ မျှော့ဈေးနှုန်းများ မြင့်တက်နေကြောင်း မြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသခံများထံမှ သိရပါတယ်။ အဆိုပါ ပြည်ပဝယ်လက်များမှာ ယခုလဆန်းကတည်းက ဝင်ရောက်လာခြင်းဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသမှ အများဆုံး ဝယ်ယူခြင်းလည်းဖြစ်တယ်လို့ သိရပါတယ်။

အဓိကကတော့ တရုတ်ဝယ်လက်တွေက ဆင်းဝယ်ကြတာ၊ မျှော့ကို သူတို့ဆီမှာက ဆေးဝါးပစ္စည်းတွေ ဖော်စပ်ဖို့သုံးကြတယ်လို့ မျှော့ရောင်းဝယ်ရေးကုန်သည်တစ်ဦးက ပြောပါတယ်။ ထိုသို့အဝယ်ဆွဲခြင်းကြောင့် မျှော့များလည်း ဈေးကောင်းနေသလို တစ်ပိဿာလျှင် ၇၀၀၀၀ ကျပ်မှ ၇၅၀၀၀ ကျပ်အတွင်း ပေါက်ဈေးရှိနေကြောင်း သိရပါတယ်။

ထိုမျှော့များမှာ စပါးစိုက်ခင်းများ၊ မြစ်ရိုးချောင်းရိုးနှင့် ရွှံ့နွံမြေကြီးအောက်တွင် ကျက်စားတတ်သည့် သတ္တဝါများဖြစ်ကြပြီး ယခုလိုမိုးတွင်းကာလတွင် အများဆုံး ဖမ်းဆီးရမိလေ့ရှိပါတယ်။ ယခင်က ဝယ်သူသိပ်မရှိသလို ဈေးကောင်းလည်းမရဘဲ တစ်ပိဿာလျှင် ၃၀၀၀၀ ကျပ်ဝန်းကျင်သာရခဲ့ရာမှ လက်ရှိတွင် ဈေးနှစ်ဆလောက် မြင့်တက်နေခြင်းဖြစ်ပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source: [https://t.me/htwettoe](https://t.me/htwettoe)**

## လက်ကျန်နည်းလာသည့်အတွက် သကြားဈေးအမြင့်ဈေးတွင်ရှိနေ




ဈေးကွက်တွင် လက်ကျန်နည်းလာသည့်အတွက် သကြားဈေးအမြင့်ဈေးတွင် ရှိနေကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။ ထို့အပြင် လတ်တလော ဒေါ်လာဈေးမှာ မြင့်တက်လာခြင်းကြောင့် ဈေးမှာ အတက်ဈေးတွင်ရှိနေကြောင်း သိရသည်။

“ပြည်တွင်းမှာလဲ သကြားရောင်းစရာ သိပ်မကျန်တော့ဘူး၊ လက်ကျန်နည်းတာလဲပါမယ်။ အခုရက်ပိုင်းငွေဈေးတွေ လဲပြောင်းသွားတယ်။ အဲ့တော့ သကြားဈေးလဲ လိုက်တက်တာပေါ့။ ဒါပေမဲ့ အရောင်းဝယ်အများကြီးမဖြစ်သေးဘူး”ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးစိန်းထွန်းက ပြောသည်။

ပြီးခဲ့သည့်လက ပြည်တွင်း၌ သကြားတစ်ပိဿာလျှင် ၃၀၇၅ ကျပ်သာရှိခဲ့ပြီး လက်ရှိ ၃၂၀၀ မှ ၃၃၀၀ ဝန်းကျင်အထိ ပေါက်ဈေးထိရှိကြောင်း သိရသည်။ ဒေသအလိုက် အချိန်နှင့်အမျှ လည်း ဈေးနှုန်းပြောင်းလဲနိုင်ပြီး ပြည်တွင်းသကြားဈေးမှာ ပြီးခဲ့သည့်နှစ်များနှင့်ယှဉ်ပါက ဈေးနှုန်းအဆမတန်မြင့်တက်လာကြောင်း သိရသည်။

လက်ရှိ export အနေဖြင့် ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိနေပြီး အဆိုပါ နိုင်ငံသို့ သကြားမကြိတ်ခင် ကြိုတင်စာချုပ်ဖြင့် နှစ်စဉ် တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။ “ဗီယက်နမ်ကို ထပ်ပြီးမရောင်းနိုင်ဘူး၊ ကြံကြိတ်ရာသီကလဲ ပြီးသွားပြီ၊ ကြံကြိတ်စက်တွေလဲ တော်တော်များများရပ်သွားပြီဆိုတော့ ဗီယက်နမ်ကို ပို့မယ်ဆိုတဲ့ဟာတွေကလဲ မကြိတ်ခင်တည်းက ကြိုရောင်းထားတဲ့သကြားတွေ တင်ပို့နေတာ။ နောက်ထပ်တော့ စာချုပ်ထပ်မချုပ်ရသေး” ဟု ယင်းက ဆက်လက်ပြောသည်။

၂၀၂၂-၂၀၂၃ နောက်ဆုံး ကောက်ယူထားသည့်စာရင်းအရ ပြည်တွင်းသကြားထုတ်လုပ်နိုင်မှု တန်ချိန်လေးသိန်းနီးပါး ထွက်ရှိထားပြီး လက်ရှိလက်ကျန်မှာ သကြားတန်ချိန် တစ်သိန်းခန့်သာရှိတော့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် ဒီဇင်ဘာလတွင် စတင်ပြီး ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိ ခြင်းကြောင့် သကြားလက်ကျန်မှာနည်းနေခြင်းဖြစ်သည်။ ယခုနှစ် ကြံစိုက်တောင်သူများအနေဖြင့် သကြားဈေးကောင်းခဲ့သည့်အတွက် ဈေးနှုန်းရရှိမှု တွက်ခြေကိုက်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းသကြားစက်ရုံများ အနေဖြင့် ကြံကြိတ်ရာသီအတွက် ကြံဈေး ၉ သောင်း သတ်မှတ်ထားရာမှ လက်ရှိ သကြားဈေးကောင်းနေ၍ စက်ရုံအလိုက် ကြံဈေးများကို ၉၅၀၀၀ မှ ၁၀၀၀၀၀ အထိ တိုးပေးခဲ့ကြောင်း တောင်သူများထံမှ သိရသည်။ “သကြားဈေးက အခုနှစ်မှာ နိုင်ငံတကာဈေးမှာလည်း မြင့်တက်နေတော့ ကံကောင်းသွားတာ။ ပြည်တွင်းစာသုံးမှုလည်းရှိတော့ အဆင်ပြေတာပေါ့” ဟု ကြံစိုက်တောင်သူတစ်ဦး ကပြောသည်။

ကြံကို အဓိကအားဖြင့် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အရှေ့ခြမ်းနှင့် အနောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

Source: AMIA

https://t.me/htwettoe

## မိုးစပါးစိုက်ဧက ၅ သိန်းကျော်အတွက် ဓာတ်မြေဩဇာများ အထူးဈေးနဲ့ရောင်းမည်

နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်စိုက်ပျိုးမည့် မိုးစပါးစီမံကိန်း ဧက ၅ ဒသမ ၃ သိန်း အတွက် လိုအပ်တဲ့ ဓာတ်မြေဩဇာနှင့် သွင်းအားစုများကို သက်သာသောအထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမယ်လို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ သိရပါတယ်။

အဆိုပါ မိုးစပါးစီမံကိန်းကို ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ မန္တလေးတိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်သွားမှာဖြစ်ပြီး ၎င်းစိုက်ဧကအတွက် ဓာတ်မြေဩဇာ တန်ချိန်ပေါင်း ၇၉,၅၀၀ လိုအပ်မှာဖြစ်ပါတယ်။




ယင်းလိုအပ်လာမယ့် ဓာတ်မြေသြဇာများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားဖို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမျိုးစေ့၊ မြေသြဇာနှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းတို့က ညှိနှိုင်းစီစဉ်ဆောင်ရွက်နေတယ်လို့ သမဝါယမဦးစီးဌာနက သိရပါတယ်။

မြန်မာနိုင်ငံမျိုးစေ့၊ မြေသြဇာ နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနဲ့ ညှိနှိုင်းပြီး မြေသြဇာနဲ့သွင်းအားစုများရဲ့ ရည်ညွှန်းဈေးနှုန်းများကို နှစ်ပတ်တစ်ကြိမ် ထုတ်ပြန်လျက်ရှိပါတယ်။ အဲလိုထုတ်ပြန်ပေးလျက်ရှိရာ အခုဇွန်လကုန်အထိ ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ နှင့် ကွန်ပေါင်းကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ဖြန့်ဖြူးပေးသွားမယ်လို့ သမဝါယမဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

တောင်သူတွေအနေနဲ့လည်း သွင်းအားစုတွေကို ဈေးနှုန်းသက်သာစွာဖြင့် အချိန်မီဝယ်ယူနိုင်စေရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ သမဝါယမဦးစီးဌာနတို့က တောင်သူတွေကို စိစစ်ထောက်ခံပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မြေသြဇာလိုအပ်ချက်ကြောင့် ကုန်ခဲ့တဲ့ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်မှာ ပြည်ပမှတင်သွင်းတန်ဖိုးဟာ ၂၂ သိန်းကျော်ရှိခဲ့ပြီး အများဆုံးတင်သွင်းတာက နိုက်ထရိုဂျင်ယူရီးယားဓာတ်မြေသြဇာနဲ့ ကွန်ပေါင်းဓာတ်မြေသြဇာတို့ ဖြစ်တယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## STOCK EXCHANGE (30.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,034 (Shares) | 17,217,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | 0 | 0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 33,109,694 | 264,878 |
| MTSH | 00002 | 2,850 | 0 | 0.00% | 2,850 | 2,850 | 2,850 | 5,600 | 15,960,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | 0 | 0.00% | 7,200 | 7,200 | 7,200 | 41 | 295,200 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | 0 | 0.00% | 1,500 | 1,500 | 1,500 | 26 | 39,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | 0 | 0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,400 | 0 | 0.00% | 2,400 | 2,400 | 2,400 | 350 | 840,000 | 19,977,223 | 47,945 |
| AMATA | 00007 | 5,000 | 200 | 4.17% | 4,900 | 5,000 | 4,900 | 17 | 83,500 | 10,497,598 | 52,488 |
| MAEX | 00008 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 23,804,946 | 0 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 30th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.86 | 1.19 | 0.34% | 354.67 | 355.86 | 354.67 | 6,034 | 17,217,700 | 8 | 627,060 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 30th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 6,034 (Shares) | 17,217,700 (MMK) |

## Main Board

As of 1:00 pm, 30th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,034 (Shares) | 17,217,700 (MMK) |

| MYANPIX | 355.86 ▲ 1.19 |
|---|---|
| Total Volume (shares) | 6,034 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 627,060 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 200 |
| MAEX | 00008 | 1,800 | ▲ - - |